# တရားမျှတမှုအတွက်
# ချည်ထည်ပိတ်ပေါ် ရက်လုပ်ရေးချယ်ခြင်း









Asia Justice and Rights မှ

Liberation War Museum နှင့် ပူးတွဲထုပ်ဝေသည်။

AJAR
ASIA JUSTICE AND RIGHTS

Liberation War Museum
Bangladesh

# တရားမျှတမှု အတွက်

# ချည်ထည်ပိတ်ပေါ် ရက်လုပ်ရေးချယ်ခြင်း

# An Illustrated Guide to Understanding the International Justice Mechanisms

Asia Justice and Rights မှ

**Liberation War Museum** နှင့် ပူးတွဲထုပ်ဝေသည်။

ပထမအကြိမ် ပုံနှိပ်ခြင်း - ၂၀၂၀၊ ဇူလိုင်လ

ရေးသား၊ တည်းဖြတ်သည့်အဖွဲ့

**Galuh Wandita, Laetitia Bonnet, Nicole Janisiewicz, Pia Conradsen, Nasrin Akter, Shakila Yesmin, Mohammad Pizuar Hossain.**

အပ်ချုပ်ပုံဖော်သူ

**ရှင်သန်လွတ်မြောက်လာသူ ရိုဟင်ဂျာအမျိုးသမီး များ**

ပုံဆွဲသူ

**Ign Ade**

Quilting For Justice: An Illustrated Guide to Understanding the International Justice Mechanisms
© Asia Justice and Rights and Liberation War Museum, 2021.

Except where otherwise noted, content in this book is licensed under a Creative Commons (attribution, non-commercial, no derivatives, international 4.0) license.
https://creativecommons.org/licenses/by-nc-nd/4.0/legalcode

For more information please visit our website: https://asia-ajar.org

Where material is attributed to a copyright owner other than Asia Justice and Rights and Liberation War Museum, this material is not subject to the Creative Commons license.

# အမှာစာ

လူ့အခွင့်အရေးချိုးဖောက်မှုများ မှပြန်လည်လွတ်မြောက်လာသူများသည်တရားမျှတမှုရရှိရန် အခွင့်အရေးရှိပါသည်။သို့သော်တရားမျှတမှုရရှိ ရေး ခရီးသည် မကြာခဏဆိုသလို ခက်ခဲသည့်ပူပေါင်းဆောင်ရွက်ရမှုများ၊ရှုပ်ထွေးသောလုပ်ငန်းစဉ်များ တွဲလျက်ပါလာတတ်ပြီး အထူးသဖြင့်နိုင်ငံတကာယန္တရားများပါဝင်လာသောအခါ ပိုမိုခက်ခဲရှုပ်ထွေးပါသည်။

၂၀၁၇ခုနှစ်တွင်မြန်မာနိုင်ငံတွင်းရက်စက်ကြမ်းကြုတ်သည့်အစုအပြုံလိုက်သတ်ဖြတ်မှုများကြောင့်ရိုဟင်ဂျာ (၇၀၀,၀၀၀) ကျော်ထွက်ပြေးခဲ့ကြရပြီးဘင်္ဂလားဒေ့ရှ်နိုင်ငံမှသူတို့အားလက်ခံခဲ့ပါသည်။ Liberation War Museum (LWM) နှင့် Asia Justice and Rights (AJAR) တို့သည် ရိုဟင်ဂျာအမျိုးသမီး ဒုက္ခသည်များနှင့် ၎င်းတို့၏ ရပိုင်ခွင့်ရှိသော အခွင့်အရေး များကို နားလည်သဘောပေါက်သိရှိစေရန်နှင့် လွတ်မြောက်လာသူများ တရားမျှတမှုရရှိရေးအတွက် ပါဝင်အားထုတ် ကြိုးစားနေသော ဖွဲ့စည်းထား သည့် အဖွဲ့အစည်းများနှင့် အတူလက်တွဲဆောင်ရွက်လျက်ရှိသည်။

ဤစာအုပ်တွင် ရိုဟင်ဂျာလူမျိုးများအတွက် တရားမျှတမှုကို မြှင့်တင်ပေးမည့် နိုင်ငံတကာ ယန္တရားများ ၏ လုပ်ဆောင်မှုကို စာအုပ်၏ စိတ်ကူးယဉ် ဇာတ်ကောင်မှတဆင့် သူမ၏ အတွေ့အကြုံကို ရိုဟင်ဂျာ အသိုင်းအဝိုင်းနှင့် အခြားသူများထံ မျှဝေတင်ပြထားပါသည်။ ဒီဇာတ်လမ်းကို ဖန်တီးတဲ့အခါ AJAR နှင့် LWM မှ ကော့ဘဇားရှိ ရိုဟင်ဂျာအမျိုးသမီးဒုက္ခသည်များနှင့် လက်တွဲလုပ်ဆောင်ခဲ့သည့် အတွေ့အကြုံ များကို မှီခိုအားထားခဲ့ပါသည်။ ဇာတ်လမ်းတွင်ပါဝင်သည့် ပုံများသည် ရိုဟင်ဂျာအမျိုးသမီးဒုက္ခသည် များမှ ကိုယ်တိုင်ချုပ်လုပ်ထားသော စောင်များမှ ထုတ်ယူထားခြင်း ဖြစ်သည်။ ထိုပုံများသည် ရိုဟင်ဂျာ အမျိုးသမီးဒုက္ခသည်များ၏ လက်တွေ့ဘဝအမှတ်တရများနှင့် မျှော်လင့်ချက်များကို သရုပ်ဖော်ထား ခြင်းဖြစ်ပါသည်။

AJAR နှင့် LMW တို့မှလည်း ၎င်းတို့နှင့်အတူ လက်တွဲလုပ်ကိုင်ခဲ့ကြသော အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာအမျိုးသမီးများကို အသိအမှတ်ပြု ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ ရိုဟင်ဂျာအမျိုးသမီးများ၏ ကိုယ်တွေ့ဖြစ်ရပ်ဇာတ်လမ်းများ၊ တရားမျှတမှုကို နားလည်သိရှိလိုသော ဆန္ဒ၊ တရားမျှတမှုကိုလိုလာသော ဆန္ဒများမှ ဤစာအုပ်ကို ထုတ်ဝေနိုင်ရန် လှုံ့ဆော်ပေးခဲ့သည်။



လွန်ခဲ့တဲ့နှစ်တွေက
ကျွန်မရဲ့အိပ်မက်မှာ
စစ်တွေ တက္ကသိုလ်တွင် ဥပဒေပညာ
သင်ကြားရန်ဖြစ်ပါတယ်။
ဒါပေမယ့် ဘေးအန္တရာယ်ဆိုး
တစ်ခုကြောင့်
ကျွန်မနှင့် ကျွန်မမိသားစု
ညသန်းခေါင်မှာ ထွက်ပြေး
ခဲ့ကြရတယ်။
ရက်ပေါင်းများစွာ လမ်းလျှောက်ပြီး၊
မြစ်တစ်ခုကို ဖြတ်ကူးပြီးတဲ့နောက်မှာတော့
လုံခြုံမှုရှိတဲ့နေရာကို ကျွန်မတို့ရောက်ရှိခဲ့တယ်။


အခု ကျွန်မဒုက္ခသည်စခန်းတစ်ခုမှာ နေနေတယ်။



ဘဝဟာခက်ခဲနိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မရဲ့အိပ်မက်တွေ
အသက်ဝင်နေအောင် ကြိုးစားနေပါ တယ်။


ကျွန်မအဖေက မဟာဂျီဖြစ်ပါတယ်။ သူအိမ်ကိုပြန်လာတဲ့အခါတိုင်း စာအုပ်တွေမကြာခဏယူလာတတ်သလို ကျွန်မတို့နေခဲ့တဲ့ နေရာကအကြောင်းတွေနဲ့ ကမ္ဘာပေါ်ကအဖြစ်အပျက်တွေကို လည်းပြောပြတတ်ပါတယ်။



ကျွန်မနဲ့ ကျွန်မသူငယ်ချင်းတွေဟာ နေ့စဉ်တွေ့ဆုံပြီး ဆွေးနွေးကြသလို လူ့အခွင့်အရေးနှင့် တရားမျှတမှုအကြောင်းလည်း လေ့လာကြပါတယ်။
ဒါကတော့ Soraya နဲ့ Nur Begum ပါ




၂၀၁၇ ခုနှစ်၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုများအပြီး ကမ္ဘာ့နိုင်ငံများမှ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများနှင့် ပါတ်သက်ပြီး သတင်းအချက်အလက်များကို စုဆောင်းရန် လုပ်ဆောင်လာသလို တရားမျှတမှုအတွက် လည်းတွန်းအားပေးခဲ့သည်။ သူတို့က တရားမျှတမှုရရှိရေးအတွက် လမ်းကြောင်း(၅) ခုကို အသုံးပြုခဲ့ကြသည်။



အချို့သော လမ်းကြောင်းတွေမှာတော့ ရခိုင်ပြည်နယ်တင်
မဟုတ်ပဲ မြန်မာနိုင်ငံရှိ အခြားတိုင်းရင်းသားဒေသများတွင် ဖြစ်ပွား
နေသော ရာဇဝတ်မှုများအား စောင့်ကြည့်ခြင်းတို့ ပါဝင်ပါသည်။



မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုများအား မတူညီသော နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအဖွဲ့ များ(သို့မဟုတ်) တရားရုံး (၅)ရုံးမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်းသိရှိရပါတယ်။

## FFM


မြန်မာနိုင်ငံဆိုင်ရာ
လွတ်လပ်သော
နိုင်ငံတကာ အချက်အလက်
ရှာဖွေရေးမစ်ရှင်
၂၀၁၇ ခုနှစ်တွင် ကုလသမဂ္ဂမှ
ဖွဲ့စည်းခဲ့သည်။

## IIMM

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော
နိုင်ငံတကာစုံစမ်းစစ်ဆေးရေး
ယန္တရားသည် ၂၀၁၈ တွင်
စတင်တည်ထောင် ခဲ့သည်။

## ICC

နိုင်ငံတကာရာဇဝတ်တရားရုံးသည်
၂၀၁၉၊ နိုဝင်ဘာလ
မှ စပြီးစုံစမ်းစစ်ဆေးမှုများ
ပြုလုပ်ခဲ့သည်။




## နိုင်ငံတကာ တရားရုံး။

၂၀၁၉၊ နိုဝင်ဘာလတွင်
ဂမ်ဘီယာနိုင်ငံမှ တင်သွင်းလာသော
မြန်မာနိုင်ငံမှ ရာဇဝတ်မှုများအား
ကြားနာစစ်ဆေးသည့် နိုင်ငံတကာတရားရုံး။

၂၀၁၉၊ နိုဝင်ဘာလတွင်
အာဂျင်တီးနားရှိ တရားရုံးသို့
အပြည်ပြည်ဆိုင်ရာ
တရားစီရင်ပိုင်ခွင့်အမှုတွဲကို
တင်သွင်းခဲ့သည်။

# မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေရေးမစ်ရှင်

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ကို ၂၀၁၇၊ မတ်လ ၂၄ ရက်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ တည်ထောင်ခဲ့သည်။




၎င်းအဖွဲ့သည် ၂၀၁၉၊ စက်တင်ဘာလတွင် လုပ်ငန်းများအဆုံးသတ်ခဲ့ပြီး ၎င်း၏သက်သေအထောက်အထားများကို မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) သို့ လွှဲပြောင်းပေးခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) သည် ၂၀၁၁ ခုနှစ် မှစ၍ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှုများအား စောင့်ကြည့်ခဲ့ပြီး အထူးသဖြင့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အစိုးရလုံခြုံရေးတပ်ဖွဲ့များအပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကြည့်ရှုခဲ့သည်။





ကော်မရှင်နာများမှာ အင်ဒိုနီးရှားနိုင်ငံမှ (ဥက္ကဋ္ဌ)
မာဇူးကီး ဒါရူစမန်
သီရိလင်္ကာနိုင်ငံမှ ရာဒ်ဟီကာ ကူမရာဆွာမိနှင့်
ဩစတြေးလျနိုင်ငံမှ ခရစ္စတိုဖာ စီဒိုတီ
တို့ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ
အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) ၏ အစီရင် ခံစာကို
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ တွင်ပုံနှိပ်ထုတ်ဝေခဲ့သည်။
(စာမျက်နှာ ၄၄၄ ပါရှိ)။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် FFMသည်
မြန်မာစစ်တပ်၏ စီးပွားရေးဆိုင်ရာ
လုပ်ဆောင်မှုများအပြင် မြန်မာနိုင်ငံအတွင်း
လိင်နှင့်လိင်ကွဲပြားမှု အပေါ်အခြေပြုသော
အကြမ်းဖက်မှုများနှင့် ပါတ်သက်ပြီး
နောက်ဆက်တွဲအစီရင်ခံစာများကို ထုတ်ပြန်ခဲ့သည်။



အပြီးသတ်အစီရင်ခံစာကို
၂၀၁၉ခုနှစ်၊ စက်တင်ဘာလ
တွင်ထုတ်ပြန်ခဲ့သည်။

# အဓိကတွေ့ရှိချက်များ

တပ်မတော်သည် ရခိုင်ပြည်နယ်မှရိုဟင်ဂျာများအပေါ်
လူမျိုးတုံးသတ်ဖြတ်မှု ကချင်၊ ရှမ်း နှင့် ရခိုင် ပြည်နယ်
အတွင်း စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို
ဆန့်ကျင်သည့်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်။



ရခိုင်ပြည်နယ်တွင် တပ်မတော်၏ နယ်မြေရှင်းလင်းရေး
စစ်ဆင်ရေးများကြောင့် ရိုဟင်ဂျာ ၇၂၅,၀၀၀ကျော်
ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးခဲ့ရသည်။
သေဆုံးသူ ၁၀,၀၀၀(အနည်းဆုံးခန့်မှန်းချက်) ရှိပြီး
အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊
အုပ်စုလိုက်မုဒိမ်းကျင့်မှုများ ကျူးလွန်ခဲ့သည်။

(FFM) သည် မြန်မာနိုင်ငံအတွင်းပျံ့နှံ့နေသည့် အမုန်းတရားပေါ်
အခြေခံသည့်ပြောဆိုမှုများကို လည်းမှတ်တမ်းတင်နိုင်ခဲ့သည်။

FFM သည်
အဆင့်မြင့်
စစ်အရာရှိ (၆) ဦး အား
အဓိကတာဝန်ရှိ
သူများ အဖြစ်
ဖော်ထုပ်နိုင်ခဲ့သည်။



FFM သည် စစ်တပ်၏ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့်
ပဋိပက္ခအတွင်း လိင် နှင့်လိင်ကွဲပြားမှုပေါ်အခြေပြုသော

FFM ကအောက်ပါတို့ကို တောင်းဆိုခဲ့သည် -

မြန်မာနိုင်ငံကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်
သူ၏ထိပ်တန်းစစ်ခေါင်းဆောင်များအား လူမျိုးတုံး
သတ်ဖြတ်မှု၊ လူသားဖြစ်မှုကိုဆန့်ကျင်သော
ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခြင်းအတွက်
စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန်။



ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့်
မြန်မာနိုင်ငံအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC)သို့
လွှဲပြောင်းရန်(သို့မဟုတ်) အပြည်ပြည်ဆိုင်ရာ
အထူးရာဇဝတ်ခုံရုံးကို ဖွဲ့စည်းတည်ထောင်ရန်။




မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ
စုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) ကိုဖွဲ့စည်းရန်။

ခရီးသွားလာခွင့် ပိတ်ပင်ခြင်းနှင့် ပိုင်ဆိုင်မှုများကို သိမ်းဆည်းခြင်း
အပါအဝင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီပေါ်တွင် ပစ်မှတ်ထားအရေးယူရန်။

မြန်မာနိုင်ငံအပေါ် လက်နက်ရောင်းချမှု ရပ်ဆိုင်းရန်။

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာစစ်တပ်အား
ငွေကြေးနှင့် အခြားထောက်ပံ့မှုများ အားရပ်ဆိုင်းရန်။

ကုလသမဂ္ဂအနေဖြင့် ကျူးလွန်ခံရသူများအား
ထောက်ပံ့ကူညီရန်အတွက် ရံပုံငွေထူထောင်ရန်။


FFM မှာ ရှင်းလင်းပြတ်သားသည့် အားသာချက်အချို့ ရှိပါတယ်။
၎င်းသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို အာရုံမစိုက်ပဲ တပ်မတော်အား အဖွဲ့အစည်းတစ်ခုအဖြစ် ရှုမြင်သည်။
ပင်မအစီရင်ခံစာတွင် ကျူးလွန်ချိုးဖောက်မှု ကွင်းဆက်ပုံစံများအား ပေါ်လွင်အောင် မီးမောင်းထိုးဖော်ပြခဲ့သည်။
FFM ၏ လုပ်ပိုင်ခွင့်ထဲတွင် မြန်မာတစ်နိုင်ငံလုံး အထူးသဖြင့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့အား စောင့်ကြပ်ကြည့်ရှုရန်လည်း ပါဝင်သည်။
ကော်မရှင်နာတွေဟာ FFM ရဲ့တာဝန်ခံတွေလည်း ဖြစ်ပါတယ်။


FFM မှ စုဆောင်းရရှိသော
အထောက်အထားများကို
IIMM သို့လွှဲပြောင်းပေးခဲ့ပြီး
ICJ နှင့် ICC ကဲ့သို့သော အခြားသက်ဆိုင်ရာ
ယန္တရားများမှလည်း အသုံးပြုနိုင်သည်။
ဒါပေမယ့် FFM အနေဖြင့်
ကန့်သတ်ချက်အချို့ ရှိပါသည်။
FFM သည် ကျူးလွန်သူများကို
အရေးယူ၊ အပြစ်ပေးခြင်းမပြုနိုင်ပါ။
FFM သည်အကြံပြုချက်များကိုသာ ပြုလုပ်နိုင်ပါသည်။
၎င်း၏အကြံပြုချက်များကို အကောင်အထည်ဖော်ရန်
အစိုးရများအား ဖိအားပေးနိုင်ခွင့်မရှိပါ။
FFM ၏လုပ်ပိုင်ခွင့်အာဏာသည်
၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ကုန်ဆုံးခဲ့သည်။

FFM ဥက္ကဋ္ဌ မာဇူးကီး ဒါရူစမန်က

ဒီအကြောင်းအရာတွေ ရေးချယ်ချုပ်စပ်ထားတဲ့

ကျွန်မတို့ရဲ့ ပိတ်သားစကို တွေ့ပြီးနောက် ဤသို့ရေးခဲ့သည်။

“ကော့ဘဇားကိုပထမဆုံးအကြိမ် ကျွန်တော်တို့ လာတုန်းက

ကျွန်တော်တို့တွေ UNDP ရုံးက ကလေးများအတွက် သင်ကြားရေး

နေရာကိုရောက်ခဲ့ပါတယ်။ အဲဒီမှာပုံတွေ(ကလေးများကရေးဆွဲထားသည်)

ရက်ရက်စက်စက်လူမျိုးသုဉ်းသတ်ဖြတ်တဲ့ စစ်ရဟတ်ယာဉ်ပုံတွေကို

ကျွန်တော်တို့တွေ့ခဲ့ရပြီဖြစ်သည်။ အခုပုံတွေကတော့ အရင်က

ပုံတွေနဲ့ကွဲပြားခြားနားပြီး အရောင်အသွေးစုံလင်ပြီး အသက်ဝင်

လွန်းပြီး မျှော်လင့်ချက်တွေရဲ့အစကို ဖော်ပြနေပါတယ်။ ကျွန်တော်ဒုတိယ

အကြိမ်သွားရောက်လည်ပတ်စဉ်တွင် ကမ္ဘာနိုင်ငံများအား သတင်းပို့နိုင်ရန်

အတွက် ကူညီခဲ့ကြတဲ့ရိုဟင်ဂျာအသိုင်းအဝိုင်းကိုကျေးဇူးတင်ပါတယ်။

အမျိုးသမီးတွေဟာရှေ့တန်းမှာရှိနေပြီး အံ့သြစရာကောင်းလောက်အောင် ရုန်းကန်

နိုင်စွမ်းရှိကြပါတယ်။ ခင်ဗျားတို့ ဒါကိုဆက်လက်ထိမ်းသိမ်းပြီး အခက်အခဲတွေကို

ကျော်ဖြတ်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။



မာဇူးကီး ဒါရူစမန်၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်။






IIMM ကို ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ တွင်ဖန်တီးခဲ့ပြီး
၂၀၁၉ခုနှစ်၊ ဩဂုတ်လတွင် စတင်ခဲ့သည်။ ဂျီနီဗာတွင်အခြေစိုက်သည်။

IIMM သည် FFM ၏ လုပ်ငန်းအပေါ်တွင်
အခြေခံပြီးလုပ်ကိုင်ပါမည်။ FFM ကောက်ယူခဲ့သော
သတင်းအချက်အလက်များကို IIMM သို့လွှဲပြောင်းပေးခဲ့သည်။

အမေရိကန်ပြည်ထောင်စုမှ နိုင်ငံတကာတရားစွဲဆိုရေး
အရာရှိ နီကိုလပ်စ် ကိုမ်ဂျီယန် သည် IIMM ၏အကြီးအကဲဖြစ်သည်။

သူသည်ယခင်က အရှေ့တီမောနှင့် ကမ္ဘောဒီးယားရှိ
တရားရုံးများတွင် အလုပ်လုပ်ခဲ့သည်။



IIMM အဖွဲ့တွင်

စုံစမ်းစစ်ဆေးရေး

အရာရှိများ

လေ့လာသုံးသပ်သူများ

ဘာသာပြန်များနှင့်

ရှေ့နေများ ပါဝင်သည်။

IIMM သည်

သက်သေအထောက်အထားများ စုဆောင်းရန်အတွက်ဖွဲ့စည်းခဲ့သည် -





၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်း

ဖြစ်ပွားသော နိုင်ငံတကာ ဥပဒေချိုးဖောက်

မှုများကို ချိုးဖောက်ကျူးလွန်မှုများနှင့်

ဆိုးဝါးပြင်းထန်သော ရာဇဝတ်မှုများနှင့်

ပါတ်သက်၍ သက်သေအထောက်အထားများကို

စုဆောင်းပြုစုခြင်း၊ ခိုင်မာစေခြင်းထိမ်းသိမ်းခြင်းနှင့်


ခွဲခြမ်းစိတ်ဖြာသုံးသပ်မှု ပြုရန်။





ပြီးတော့

နိုင်ငံတကာဥပဒေစံနှုန်းများနှင့် အညီလွတ်လပ်၊ မျှတသော ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုနိုင်မှုလွယ်ကူချောမွေ့စေရန် အချက်အလက်ဖိုင်များအား ပြုစုခြင်း၊ အနာဂါတ်ကာလတွင် ထိုရာဇဝတ်မှုများအပေါ် တရားစီရင်ပိုင်ခွင့်ရှိသည့် ပြည်တွင်း၊ဒေသတွင်း၊နိုင်ငံတကာတရားရုံးများ သို့မဟုတ် ခုံရုံးများအတွက်လုပ်ငန်းများကို ပြင်ဆင်ခြင်း။



IIMM ဖိုင်တွင်စုဆောင်းရမည့် အချက်အလက်များ -



၁။ ရာဇဝတ်မှုများအတွက်
တာဝန်အရှိဆုံး ပုဂ္ဂိုလ်များကို
အာရုံစိုက်ထားခြင်း။

၂။ ထိုပုဂ္ဂိုလ်များက
ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို
ဖော်ထုတ်ခြင်း။



၃။ ရာဇဝတ်မှုဆိုင်ရာတာဝန်ရှိမှုပုံစံများ

သတ်မှတ်ခြင်း (ဥပမာ-ကိုယ်တိုင်အမိန့်ပေး

သို့မဟုတ် လက်အောက်ငယ်သားများ

ကျူးလွန်သော ရာဇဝတ်မှုများအားတားဆီးရန်

သို့မဟုတ် အပြစ်ပေးရန်ပျက်ကွက်သူ)။



၄။ ဆက်နွယ်ပါတ်သက်မှု

အထောက်အထားများ ရာဇဝတ်မှု

များနှင့် တာဝန်ရှိသူများအကြား

ဆက်စပ်တည်ဆောက်တင်ပြရန် ။

အခြားသူများအသုံးပြုရန်အတွက် သက်သေအထောက်အထား

အချက်အလက်ဖိုင်များကို IIMM ကပြုစုသွားမည်ဖြစ်၍

ရာဇဝတ်မှုကျူးလွန်သူများကို အနာဂတ်တွင်

တရားစွဲဆိုရန် ပိုမိုလွယ်ကူစေပါလိမ့်မည်။

IIMM ၏လုပ်ပိုင်ခွင့်သည် ဆက်လက်တည်ရှိနေသည်၊

၂၀၁၁ခုနှစ်စတင်ပြီး အနာဂတ်ကာလထိ ဖြစ်ပါတယ်)။ ၎င်းသည်

မြန်မာနိုင်ငံရှိဖြစ်ရပ်များကို အနီးကပ်စောင့်ကြည့်လိမ့်မည်


ဖြစ်ပြီး အနာဂတ်တွင် ဖြစ်ပွားမည့် ရာဇဝတ်မှုများအတွက်

လူများကို တာဝန်ခံနိုင်စေရန်လည်း ကူညီပေးနိုင်ပါသည်။


IIMM သည် FFM ၏ လုပ်ငန်းအပေါ်တွင်အခြေခံပြီး လုပ်ကိုင်ပါမည်။ FFM သည်သူကောက်ယူခဲ့သောသတင်းအချက်အလက်များကို IIMM သို့လွှဲပြောင်းပေးခဲ့တယ်။
IIMM မှစုဆောင်းရရှိသော သတင်းအချက်အလက်များကို အပြည်ပြည်ဆိုင်ရာတရားစီရင်ခွင့် အခြေခံမူအရအပါအဝင် ဥပမာ-အာဂျင်တီးနား နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) နှင့်အခြားခုံရုံးများ တွင်လည်း အသုံးပြုနိုင်တယ်။ နိုင်ငံတကာ တရားခုံရုံး (ICJ) တွင်လည်းအသုံးပြုနိုင်တယ်။
အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကတော့ IIMM နှင့် ပူးပေါင်းပြီး သတင်းအချက်အလက်နှင့်စာရွက်စာတမ်းများကိုပေးနိုင်တယ်။


ကျွန်မတို့ နားလည်ဖို့လိုတာကတော့-
IIMM သည် မည်သည့်ပြစ်မှုကျူးလွန်သူကိုမဆို တရားစွဲဆိုခြင်း(သို့မဟုတ်) အပြစ်ပေးခြင်းများ ပြုလုပ်လို့မရပါဘူး။ သက်သေအထောက်အထားများစုဆောင်းပြီး အမှုတွဲဖိုင်များကို သာပြင်ဆင်နိုင်တယ်။
IIMM သည်တရားရုံး(သို့မဟုတ်) ခုံရုံးတစ်ခု မဟုတ်ပါ။ ရုံးတင်စစ်ဆေးမှုမလုပ်နိုင်ပါ။ ၎င်း၏ သက်သေအထောက်အထားများအား ကျူးလွန်သူများကို အနာဂါတ်ကာလတွင်တရားစွဲဆိုမည့် ခုံရုံးများသို့ လွှဲပြောင်းပေးလိမ့်မည်။

၂၀၂၁ နွေရာသီထိတော့ IIMM သည်
မြန်မာနိုင်ငံသို့ဝင်ရောက်ခွင့်ကို
ငြင်းပယ်ခံထားရပါသေးသည်။





မြန်မာနိုင်ငံအတွင်း ဥပဒေရေးရာနှင့် မူဝါဒများပြုပြင်ပြောင်းလဲရန် အတွက် IIMM သည် တိုက်တွန်းမှုများ လုပ်ဆောင်ဖွယ်မရှိပါ။
IIMMအနေဖြင့် ကွင်းဆင်း ထိတွေ့ဆောင်ရွက်ရန်နှင့် ၎င်းတို့၏ လုပ်ငန်းများအပေါ် အများပြည်သူအားအသိပေး ဆောင်ရွက်ရာမှာလည်း အကန့်အသတ်တွေရှိနိုင်ပါတယ်။
IIMM ကို ကူညီဖို့ ကျွန်မတို့ဘာလုပ်ရမလဲ။
ကျွန်မတို့ လုပ်နိုင်တာရှိတယ် -


၁။ သတင်းအချက်အလက်နှင့် မှတ်တမ်းများအား IIMM သို့ပေးခြင်း။
၂။ ကျူးလွန်ခံရသူများနှင့် သက်သေများမှ သက်သေခံ အထောက်အထားများကို IIMM ကိုပေးအပ်နိုင်ရန်ကူညီခြင်း။
၃။ IIMM ၏လုပ်ဆောင်မှုကို အများပြည်သူအား အသိပေးပြီး ကျူးလွန်ခံရသူများ၏ မျှော်လင့်ချက်များနှင့် ပါတ်သက်၍ရှင်းလင်းခြင်း။
ကျွန်မတို့ လုပ်နိုင်တာရှိသေးတယ် -
၁။ IIMM ဝန်းထမ်းတွေထဲတွင် ဒေသခံတိုင်းရင်းသားဆိုင်ရာ အကြောင်းအရာများ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများ ကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းများနှင့် လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်း လုပ်ငန်းများတွင် အတွေ့အကြုံရှိသည့် ဝန်ထမ်းများ ခန့်အပ်ရန် ကုလသမဂ္ဂနှင့် IIMM ၏အကြီးအကဲအား လှုံ့ဆော်ရန်။ IIMM တွင်ဒေသခံတိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်စားပြုမှုကို သေချာပါရှိရန်အတွက် တိုက်တွန်းရန်။
၂။ IIMMနှင့်ပူးပေါင်းသော စိတ်ပိုင်းနှင့် ရုပ်ပိုင်း ဆိုင်ရာထိခိုက်လွယ်သောဒုက္ခသည်များနှင့် မျက်မြင်သက်သေများအား IIMM မှသင့်လျှော် သောကျမ်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာထောက်ပံ့ မှုများရရှိစေရန် IIMM ကိုတိုက်တွန်းသွားရန်။

# နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး၊

ICC ရုံးသည် ဟိဂ်မြို့တွင်ရှိပြီး ရောမစာချုပ်အား လက်မှတ်ရေးထိုးထားသည့် နိုင်ငံများအနက် နယ်သာလန်နိုင်ငံ ဟုခေါ်သောနိုင်ငံတွင် တည်ထောင်ခဲ့သည်။

ရောမစာချုပ်သည် ရာဇဝတ်မှုကျူးလွန်ခံရသူများအား တရားမျှတမှုဖော်ဆောင်ပေးရန်အတွက် ကြီးမားသည့် ရာဇဝတ်မှုကျူးလွန်သူများအား တရားစွဲဆိုရေး သဘောတူညီချက် ဖြစ်သည်။




မြန်မာနိုင်ငံသည် ICC အဖွဲ့ဝင်မဟုတ်ပါ။ ICC ကိုတည်ထောင်ခဲ့သော စာချုပ်ဖြစ်သည့် ရောမသဘောတူစာချုပ်ကို လည်းလက်ခံခြင်းမရှိသေးပါ။ ထို့ကြောင့်မြန်မာနိုင်ငံသည် ICC၏စာချုပ်၏ အဖွဲ့ဝင်နိုင်ငံမဟုတ်ပါ။

ဆိုလိုသည်မှာမြန်မာနိုင်ငံသည် ICC ၏တရားစီရင်ပိုင်ခွင့်ကိုလက်ခံခြင်းမရှိသေးပါ။

ဘင်္ဂလားဒေ့ရှ်သည် ၂၀၁၀ခုနှစ် မှစ၍ ICC ရောမ

စာချုပ်တွင် လက်မှတ်ရေးထိုးသည့်နိုင်ငံဖြစ်သည်။

ICC ၏တရားစီရင်ပိုင်ခွင့်ကိုလည်း လက်ခံခဲ့သည်။



၂၀၁၈ ခုနှစ်ဧပြီလတွင်ICCရှေ့နေကရိုဟင်ဂျာများ

အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့်ပါတ်သက်

ပြီး ICC ၏တရားစီရင်ပိုင်ခွင့်ကိုရှင်းလင်းပေးရန်

ICCတရားသူကြီးများထံတောင်းဆိုခဲ့သည်။တရား

စွဲဆိုရေးရှေ့နေကဘင်္ဂလားဒေ့ရှ်နယ်စပ်တွင်ရိုဟင်ဂျာများ

အားမောင်းထုပ်သောပြည်နှင်ဒဏ်ပေးမှုသာဖြစ်ကြောင်း

ပြောသည်။သူမကစောဒကတက်သည်မှာဘင်္ဂလားဒေ့ရှ်

သည်ICCရောမစာချုပ်တွင်လက်မှတ်ရေးထိုးထားသူဖြစ်ပြီး၊

ရာဇဝတ်မှုအချို့သည်ဘင်္ဂလားဒေ့ရှ်တွင်ဖြစ်ပွားခဲ့ခြင်း

ကြောင့် ICCသည်ထိုပြစ်မှုအတွက်တရားစီရင်ပိုင်ခွင့်ရှိသည်။

တရားစွဲဆိုရေးရှေ့နေကတော့ အဓမ္မနှင်ထုပ်မှုသည်

နယ်စပ်ဖြတ်ကျော်ရာဇ ဝတ်မှုဖြစ်သည်ဟုဆိုခဲ့သည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် တရားစွဲရှေ့နေက ဘင်္ဂလားဒေ့ရှ်နှင့် ခိုင်ခိုင်မာမာ ဆက်နွယ်နေသည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပါအဝင် ရိုဟင်ဂျာများအပေါ် ရာဇဝတ်မှုများအတွက် စုံစမ်းစစ်ဆေးရန် တရားသူကြီးများ ထံတောင်းဆိုခဲ့သည်။

ရိုဟင်ဂျာတွေ အိုးအိမ်ပစ်ထွက်ပြေးမှုကို ဖြစ်စေခဲ့တဲ့ ရိုဟင်ဂျာတို့၏ အခြေခံအခွင့်အရေးများဆုံးရှုံးခြင်း၊ သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အင်အားသုံးဖျောက်ဖျက်ခြင်း၊ ဖျက်ဆီးခြင်းနှင့်လုယက်ခြင်း များအပါအဝင်စသည့်စွပ်စွဲချက်များနှင့် ပတ်သက်သည့်ကျူးလွန်မှုများကို လေ့လာစုံစမ်းသွားမည်ဟု တရားစွဲဆိုရေးရှေ့နေက ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ICC တရားသူကြီးများသည် ICC ၏တရားစီရင်ပိုင်ခွင့်အတွင်းရှိနေပြီး အနည်းဆုံး ဘင်္ဂလားဒေ့ရှ် နယ်မြေအတွင်းကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ၊ အနာဂတ်တွင် ဖြစ်လာနိုင်သည့် ရာဇဝတ်မှုများအပါအဝင် မည်သည့်ရာဇဝတ်မှုကိုမဆို စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် တရားစွဲဆိုရေးရှေ့နေအားအမိန့်ပေးခဲ့သည်။






မြန်မာနိုင်ငံသည် ICC အဖွဲ့ဝင်မဟုတ်ပါ။ ICCကိုတည်ထောင်ခဲ့သောစာချုပ်ဖြစ်သည့် ရောမစာချုပ်ကိုလည်း လက်ခံခြင်းမရှိသေးပါ။ ထိုစာချုပ်၏ အဖွဲ့ဝင်နိုင်ငံမဟုတ်ပါ။ ဆိုလိုသည်မှာ မြန်မာနိုင်ငံသည် ICC ၏တရားစီရင်ပိုင်ခွင့်ကို လက်ခံခြင်းမရှိသေးပါ။
ICC ကိုထိမ်းကြောင်းမှုပြုနေသည့် ဥပဒေ(ရောမစာချုပ်) အရအဖွဲ့ဝင် နိုင်ငံမဟုတ်သည့် နိုင်ငံတစ်ခုမှ ရာဇဝတ်မှုများ ကျူးလွန်လျှင် ထိုနိုင်ငံသည် ICC ၏ တရားစီရင်ပိုင်ခွင့်ကို လက်ခံနိုင်သည်။ အကယ်၍ ထိုနိုင်ငံသည် တရားရုံး၏ စီရင်ပိုင်ခွင့်ကို လက်မခံလိုပါက၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ မှသာလျှင် အခြေအနေကို ICC သို့ လွှဲပြောင်းပေးနိုင်သည်။
နိုင်ငံရေး အကြောင်းပြချက်ကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ လွှဲပြောင်းပေးခြင်းသည် လောလောဆယ် မဖြစ်နိုင်သေးပါ။



တရုတ်ကဲ့သို့သောလုံခြုံရေးကောင်စီနိုင်ငံကတော့ ဒီကိစ္စကို လုံခြုံရေးကောင်စီသို့တင်လျှင် ဗီတိုအာဏာ သုံးမည်ဟုရှင်းရှင်းလင်းလင်းပြောထားသည်။
ICC က စုံစမ်းစစ်ဆေးမှုတွေပြီးဖို့ ဘယ်လောက်ကြာမလဲ။
တရားစွဲဆိုရေးအရာရှိက တရားဝင်စုံစမ်းစစ်ဆေးမှုတစ်ခုကို ပြုလုပ်သည်နှင့် တပြိုင်နက်ဘယ်အချိန်ပြီးဆုံးမလဲဆိုတာ နောက်ဆုံး သတ်မှတ်ရက်မရှိပါ။ နှစ်အနည်းငယ်လည်းကြာနိုင်သည်။ တရားစွဲဆိုရေးအရာရှိသည် သက်သေအထောက်အထားများ ကိုစုဆောင်းပြီး ပြစ်မှုကျူးလွန်သူတစ်ဦး(သို့) တစ်ဦးထက်ပိုသူများ အား တရားစွဲရန် လုံလောက်သော သက်သေအထောက်အထားရှိမရှိကို ဆုံးဖြတ်လိမ့်မည်။ အကယ်၍ ရှိခဲ့လျှင်၊ သူသည်ဖမ်းဆီးရန်အမိန့်တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုတဲ့ ဖမ်းဆီးရန်အမိန့်တွေ ထုပ်ပေးလိမ့်မည်။


ဖမ်းဝရမ်း ဆိုတာဘာလဲ။
ဖမ်းဝရမ်းဆိုတာ တရားသူကြီးတွေ ကသက်ဆိုင်ရာ နိုင်ငံများအား သံသယရှိသူတရားခံများအားဖမ်းဆီးပေးရန် ထုတ်ပေးသော စာရွက်စာတမ်းဖြစ်ပါတယ်။ဖမ်းဝရမ်းကိုအများပြည်သူသိအောင် ကြေညာနိုင်သလိုလျှို့ဝှက်ထားနိုင်တယ်(ချိတ်ပိတ်ထားနိုင်တယ်)။ ဆိုလိုတာကဖမ်းဆီးခွင့်၊ခွင့်ပြုချက်ရရှိသည့်တိုင် အများပြည်သူက မသိလိုက်တာမျိုးလည်းရှိနိုင်ပါတယ်။
ICC မှာ လူပုဂ္ဂိုလ်များကို ဖမ်းဆီးပိုင်ခွင့် မရှိပါဘူးဆိုတာ မှတ်ထားသင့်ပါတယ်။ သံသယရှိသူများကို နိုင်ငံများ (အစိုးရများ) ကသာဖမ်းဆီးနိုင်ပါတယ်။

ဖမ်းဝရမ်းတစ်ခုတွင် အမည်ရှိသည့်
သံသယရှိသူသည် ICC ၏နိုင်ငံတော်
အဖွဲ့ဝင်နိုင်ငံတစ်ခုသို့ သွားရောက်ပါက၊
ထိုနိုင်ငံသည် သံသယရှိသူအား
ဖမ်းဆီးသင့်သည် သို့သော်လည်း
ယခင်က ထိုသို့ဖြစ်မလာပါ။
မည်သို့ပင်ဆိုစေကာမူ သံသယရှိတဲ့
သူသည် သူ့အတွက်အန္တရယ်များတဲ့
နိုင်ငံတွေကို ခရီးသွားမည်မဟုတ်ပါဘူး။



သံသယရှိသူကို ဖမ်းဆီးမထားဘူး ဆိုရင် တရားရုံးမှာ
စစ်ဆေးနိုင်မှာမဟုတ်ပါဘူး၊ ICC သည်ရာဇဝတ်မှုများကို ကျူးလွန်
သည်ဟု စွပ်စွဲခံရသူမပါဘဲ တရားရုံးခုံရုံးမှာ တရားမစီရင် ပါဘူး။ ဒါကြောင့်
နိုင်ငံရေးအခြေအနေ သိသိသာသာ ပြောင်းလဲသွားချင်မရှိရင်တော့
သံသယရှိသူတွေ ကို တရားစွဲဆိုစစ်ဆေးခြင်း မရှိတာမျိုးလည်းဖြစ်နိုင်ပါသည်။


ICC ကိုငါတို့ဘာတွေကူညီနိုင်မလဲ။
ငါတို့ကူညီနိုင်တွေ ရှိတယ် -
၁။ ICC ရဲ့လုပ်ပိုင်ခွင့်ဆိုင်ရာ
အကန့်အသတ်များနှင့်
အကျိုးရလဒ်များအား
အများပြည်သူအား ရှင်းပြနိုင်တယ်။
၂။ တရားစွဲဆိုရေးအရာရှိကို
သတင်းအချက်အလက်နှင့် သက်
သေအထောက်အထား များပေးနိုင်တယ်။
၃။ ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများမှ
သက်သေအထောက်အထားများကို
ICC သို့ (IIMMမှတဆင့်အပါအဝင်)
ပေးပို့ အကူအညီပေးနိုင်တယ်။ ပြီးတော့
ဒီလုပ်ငန်းစဉ်နှင့် ပါတ်သက်ပြီး
သူတို့နားလည်အောင် ရှင်းပြပေးနိုင်တယ်။
ပြီးတော့ဒါတွေလည်းလုပ်နိုင်တယ်။
၁။ ပြစ်မှုကျူးလွန်သူများကို တာဝန်ယူတာဝန်ခံမှုပြုစေခြင်း
အနေဖြင့် ဖမ်းဆီးဝရမ်းများအား အများသိအောင်
ထုပ်ပြန်ပေးရန်အတွက် တရားစွဲဆိုရေးအရာရှိကို
တိုက်တွန်းရန်အတွက် စဉ်းစားရန်။
၂။ တွေ့ဆုံထိတွေ့လေ့လာမှုများ လုပ်နိုင်ရန်အတွက် ICC ကိုတိုက်တွန်း
ရန်နှင့် အများပြည်သူသိနိုင်သော သတင်းအချက်အလက်များ အား
မြန်မာလူမှုအသိုင်းအဝိုင်း အသီးသီးသို့အသိပေးဖြန့်ဝေပေးရန်။

# နိုင်ငံတကာ တရားရုံး




ICJ ကို

၁၉၄၅ ခုနှစ်တွင်

ကုလသမဂ္ဂ၏

တရားရုံး တစ်ခုအဖြစ်

တည်ထောင်ခဲ့သည်။

သူ့ရဲ့ လုပ်ပိုင်ခွင့်ကတော့ -

နိုင်ငံနှစ်ခု သို့မဟုတ် ထို့ထက်ပိုသော

နိုင်ငံများအကြား ဥပဒေဆိုင်ရာ

အငြင်းပွားမှုနှင့်ပတ်သက်၍

ဆုံးဖြတ်ချက်ချရန်၊ ဥပမာအားဖြင့်

နိုင်ငံတကာ သဘောတူစာချုပ်

သို့မဟုတ် ကွန်ဗင်းရှင်းတစ်ခု၏

အသုံးချမှုနှင့် ပတ်သက်၍ အငြင်းပွားမှု။



ကုလသမဂ္ဂအေဂျင်စီများမှ လွှဲအပ်လာသော

ဥပဒေရေးရာမေးခွန်းများအတွက်

အကြံဉာဏ်အမြင်များပေးရန်။

မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ကွန်ဗင်းရှင်းတွင် UN
နှင့် စာချုပ်အား လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံဖြစ်သည်။

ကွန်ဗင်းရှင်းအောက်တွင်၊ လူမျိုးတုံးသတ်ဖြတ်မှု
ဆိုင်ရာ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့သည့်
နိုင်ငံတစ်နိုင်ငံသည် အခြားအဖွဲ့ဝင်နိုင်ငံက
ကွန်ဗင်းရှင်းကို ထောက်ခံခြင်းမရှိကြောင်း
ယုံကြည်ပါက ICJ သို့ တိုင်ကြားနိုင်ပါသည်။



ဆိုလိုတာက မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများနှင့် အခြားတိုင်းရင်းသား
လူမျိုးများ သို့မဟုတ်ဘာသာရေးလူနည်းစုများအပေါ် လူမျိုးတုံးသတ်ဖြတ်မှု
ကျူးလွန်နေလျှင်လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာကွန်ဗင်းရှင်းအားလက်မှတ်ရေးထိုးထားသော
အခြားတိုင်းပြည်တစ်ခုကICJ တရားသူကြီးများအား ဆုံးဖြတ်ချက်ချပေးရန်တောင်းဆိုနိုင်ပါတယ်။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့ တွင် အာဖရိကနိုင်ငံဖြစ်သော
ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ
ကွန်ဗင်းရှင်းကိုလိုက်နာရမည့် တာဝန်ဝတ္တရားများ အား
ချိုးဖောက်သည့်အတွက် ICJ သို့လျှောက်ထားခဲ့သည်။



စွပ်စွဲချက်တွင် မြန်မာနိုင်ငံသည် လူမျိုးတုံး
သတ်ဖြတ်မှုကျူးလွန်နေပြီး ထိုရာဇဝတ်မှုများ
အားတားဆီးရန် ပျက်ကွက်ခဲ့သလို
ပါဝင်သူများအား အပြစ်ပေးရန်
ပျက်ကွက်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။

တရားစီရင်ပိုင်ခွင့်နှင့် အကာအကွယ်ပေးရေးယာယီအစီအမံ

များ ချမှတ်ရေးများအား ဆွေးနွေးရန်အတွက်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်မှ ၁၂ ရက်အထိ

သည်ဟိဂ် (နယ်သာလန်နိုင်ငံရှိ) ICJ တွင် ကနဦး ကြားနာမှုကိုပြုလုပ်ခဲ့သည်။

ယာယီအစီအမံများ ဆိုသည်မှာ အမှုအား ICJ တွင်တရားရေးရာ

လုပ်ငန်းစဉ်များ ဆောင်ရွက်နေစဉ်အတွင်း ICJ မှ ၎င်း၏အဖွဲ့ဝင်နိုင်ငံ

များကိုအကာအကွယ်ပေးရေး အစီအမံများအားအရေးတကြီးချက်

ခြင်းလုပ်ဆောင်ရန် အမိန့်ပေးသည့် လုပ်ဆောင်ချက်များဖြစ်သည်။

# ယာယီအစီအမံများ



အကာအကွယ်ပေးရေး ကြားဖြတ်အစီအမံများကို အကောင်

အထည်ဖော်ဆောင်ရန် အတွက် ICJ တရားသူကြီးများကမြန်မာ

နိုင်ငံအပေါ် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

လက်ရှိမှာတော့ အမှုနှင့်


ပါတ်သက်ပြီး တရားရုံးက

နောက်ထပ် ဘာဆက်လုပ်

မလဲ မသိရှိရသေးပါဘူး။

အပြီးသတ်ဆုံးဖြတ်ချက် မချမှီ

နှစ်အနည်းငယ်ကြာ နိုင်ပါသည်။



မြန်မာနိုင်ငံတွင် လူမျိုးတုံးသတ်ဖြတ်မှု အန္တရာယ်ကြီးမားဆဲ ရှိတာကြောင့်
အကာအကွယ်ပေးရေးယာယီအစီအမံများအကောင်အထည်ဖော်ရန်
အမိန့်ပေးခဲ့သည်ဟု တရားသူကြီးများက ရှင်းပြသည်။

အဆိုပါဆုံးဖြတ်ချက်အား တညီတညွတ်တည်းထောက်ခံခဲ့ကြသည်။
တစ်နည်းဆိုသည်မှာ မြန်မာနိုင်ငံမှ ခန့်အပ်ထားသော တရားသူကြီး အပါအဝင်
အဖွဲ့ဝင်တရားသူကြီးများအားလုံးမှ သဘောတူခဲ့သည်။

ICJ ကအောက်ပါတို့ကိုအမိန့်ချမှတ်ခဲ့သည် -




၁။ သတ်ဖြတ်ခြင်းနှင့် ကြီးမား
ပြင်းထန်သော နာကျင်ထိခိုက်
စေခြင်းတို့အပါအဝင် ရိုဟင်ဂျာ
များအား လူမျိုးတုံးသတ်ဖြတ်မှု
ကျူးလွန်ခြင်းကို တားဆီးရန်အတွက်
မြန်မာနိုင်ငံအနေဖြင့် အရေးယူဆောင်ရွက်
မှုများအားလုံးကို ပြုလုပ်ရမည်။

၂။ မြန်မာနိုင်ငံသည်
တပ်မတော်နှင့် အခြား
လက်နက်ကိုင်တပ်ဖွဲ့များ
အားလုံးကို ၎င်း၏ ထိန်းချုပ်မှု
အောက်တွင် ထားရှိပြီးလူမျိုး
တုံးသတ်ဖြတ်မှုလုပ်ရပ်များ
မကျူးလွန်စေရန် သေချာစေရမည်။

၃။ မြန်မာနိုင်ငံသည် လူမျိုးတုံး
သတ်ဖြတ်မှုဆိုင်ရာ အထောက်
အထားများကို ထိမ်းသိမ်းထားရမည်။


၄။ မြန်မာနိုင်ငံသည် (၄)လ
အတွင်း ICJ သို့ အစီရင်ခံစာ
တင်ပြရမည် ဖြစ်ပြီး
အမှုအပြီးသတ်
ဆုံးဖြတ်ချက်မချမှီ
၆ လတစ်ကြိမ်အစီရင်ခံရမည်။




ကုလသမဂ္ဂ
ပဋိညာဉ်စာချုပ်အရ
ထိုဆုံးဖြတ်ချက်သည်
မြန်မာနိုင်ငံအပေါ်တွင် ဥပဒေအရ
စည်းနှောင်မှုရှိသည်။ မြန်မာနိုင်ငံသည်
ထိုအမိန့်ချမှတ်မှုကို လိုက်နာရမည်။

အမိန့်ချမှတ်မှုကိုအကောင်
အထည်မဖော်လျှင် အရေးယူပိုင်ခွင့်
အာဏာရှိသော ကုလသမဂ္ဂ
လုံခြုံရေးကောင်စီသို့ ထိုဆုံးဖြတ်ချက်
အား ပေးပို့သွားမည်ဖြစ်သည်။


ဒီတော့ ICJနဲ့ ICC ကဘာကွာလဲ။
ICJ က နိုင်ငံများကြား တရားဝင် အငြင်းပွားမှု များကို ဖြေရှင်းပေးတယ်။ ICJ က အစိုးရများ၏ တာဝန်ရှိမှုကို သာကြည့်ပြီး ရာဇဝတ်မှုကျူးလွန်သူ တစ်ဦးချင်း၏ တာဝန် ရှိမှုကို ကြည့်မနေပါ။
ICC ကတော့ လူပုဂ္ဂိုလ် တစ်ဦးချင်းကို တရားစွဲဆိုတယ်။ သူက လူပုဂ္ဂိုလ် တစ်ဦးချင်း၏ ပြစ်မှုဆိုင်ရာ တာဝန်ရှိမှု ကိုကြည့်တယ်။
ဒီတော့ ဘာဆက်ဖြစ်လဲ။



ဂမ်ဘီယာနိုင်ငံက အမှုဖွင့်စွဲဆိုသော အဓိကကိစ္စရပ်များ
အတွက် ICJ က ဆုံးဖြတ်ချက် မချမှတ်ရသေးပါ
(အမှု၏ပင်မအကြောင်းအရာ) ။ ဆိုလိုသည်မှာ
ICJ သည် လူမျိုးတုံးသတ်ဖြတ်မှုဖြစ်ပွားခဲ့ခြင်းရှိ/မရှိ
ကို မဆုံးဖြတ်ရသေးပါ။ အဓိကပင်မအမှုအပေါ်တွင် ICJ က
ဆုံးဖြတ်ချက်ချရန် နှစ်အနည်းကြာနိုင်ပါသည်။
(အမှု၏ပင်မအကြောင်းအရာ) ထိုဆုံးဖြတ်ချက်ချမှတ်ခြင်း
မပြုလုပ်မီတွင်ရှည်လျားသော လုပ်ထုံးလုပ်နည်းများကိုလုပ်ဆောင်ရမည်ဖြစ်သည်။
ဆုံးဖြတ်ချက်ချလိုက်ရင်တော့ တရားရုံးက
မြန်မာနိုင်ငံဟာ လူမျိုးတုံးသတ်ဖြတ်မှု
ကျူးလွန်မှုရှိ၊ မရှိနှင့် ပတ်သက်ပြီး
တွေ့ရှိနိုင်မယ်။ ပြီးတော့ မြန်မာအစိုး ရ
အနေနဲ့ ဒုက္ခသည်တွေကို ကူညီ
ထောက်ပံ့ပေးဖို့နှင့် ဒီလိုရာဇဝတ်မှုတွေ
ထပ်မဖြစ်စေဖို့ အာမခံ ခိုင်းနိုင်တယ်။

# အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်

နိုင်ငံတစ်ခု၏ ပြည်တွင်းတရားရုံးများသည်
ယေဘူယျအားဖြင့် အောက်ပါတို့ကို တရားစွဲနိုင်ကြသည်။

၎င်းတို့၏ နိုင်ငံအတွင်းကျူးလွန်ခဲ့သော ရာဇဝတ်မှုများ

၎င်းတို့၏ နိုင်ငံသားများက နိုင်ငံ
ပြင်ပတွင် ကျူးလွန်သောရာဇဝတ်မှုများ

၎င်းတို့၏ နိုင်ငံသားများအပေါ် နိုင်ငံ၏ ပြင်ပတွင်
ကျူးလွန်ခံရသော ရာဇဝတ်မှု။ သို့သော် ရှားပါးသည်။

အချို့နိုင်ငံများ ရှိနိုင်ငံတွင်း တရားရုံးများသည် မိမိနိုင်ငံ
အတွင်း ရာဇဝတ်မှုများ ကျူးလွန်ခြင်းမရှိသည့်တိုင်
ရာဇဝတ်မှု ကျူးလွန်သူသည်လည်း
မိမိနိုင်ငံသား မဟုတ်သည့်တိုင်ကြီးလေးသည့်
ရာဇဝတ်မှုများကို တရားစွဲဆိုနိုင်သည်။
ဒီလိုလုပ်တဲ့အခါ သူတို့က အပြည်ပြည်ဆိုင်ရာ
တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးတယ်။





ထိုအယူအဆကိုအလွန်ပြင်းထန်သောရာဇဝတ်မှုများအတွက်
သာအသုံးပြုပါသည်။ရာဇဝတ်မှုများသည်အလွန်ဆိုးဝါးပြင်းထန်
သဖြင့်နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုလုံးအပေါ် ကျူးလွန်သော
ရာဇဝတ်မှုများအဖြစ်မှတ်ယူသည်။ထိုကြောင့် အားလုံးနှင့်
သက်ဆိုင်သည်ဟုမှတ်ယူကြသည်။ထိုရာဇဝတ်မှုများအတွက်
တရားမျှတမှုဖြစ်စေရန်အတွက်မည်သည့်နိုင်ငံတွင်
ဖြစ်စေတရားစီရင်ပိုင်ခွင့်ရှိသည်ဟုယုံကြည်ကြသည်။





အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် အယူအဆကို စောပိုင်းတွင်
ပင်လယ်ဓားပြ ရာဇဝတ်မှုများကို ဖြေရှင်းရန်နှင့် ကျွန်ရောင်းဝယ်ကုန်ကူးခြင်း
ကို တားမြစ်ရန်အတွက်သာ အသုံးပြုခဲ့သည်။ ယနေ့ခေတ်မှာတော့ စစ်ရာဇဝတ်မှုများ၊
လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သော ရာဇဝတ်မှု များနှင့် လူမျိုးတုံးသတ်ဖြတ်မှု
စသည့်ကြီးမားသော နိုင်ငံတကာရာဇဝတ်မှုများကို ဖြေရှင်းရန်အသုံးပြုသည်။



ဤအထဲတွင်
ညှင်းပန်းနှိပ်စက်ခြင်းနှင့်
အကြမ်းဖက်ခြင်း
လုပ်ရပ်များပါဝင်သည် ။

နိုင်ငံများစွာသည် အပြည်ပြည်ဆိုင်ရာ

တရားစီရင်ပိုင်ခွင့်ကို အသိအမှတ်ပြု၊

ဥပဒေအရပါ လိုက်နာကျင့်သုံးခဲ့ပြီး

အမှုများကို ၎င်းတို့၏ တရားရုံး

များ၌ တရားစွဲခွင့်ပြုခဲ့သည်။

ထို နိုင်ငံတွေ

ကတော့


ဘယ်လ်ဂျီယံ၊

ဂျာမနီ၊

ယူကေ၊

စပိန်

နိုင်ငံတို့ ဖြစ်ကြပါတယ်။



## အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် - အာဂျင်တီးနား

ရိုဟင်ဂျာများအပေါ် လူသားဖြစ်တည်မှုကို ဆန့်ကျင်သော

ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုကို မြန်မာအစိုးရနှင့် စစ်တပ်တို့က

ကျူးလွန်ခဲ့ကြောင်း စွပ်စွဲ၍ အာဂျင်တီးနား တရားရုံးတစ်ခုတွင်

ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုတစ်ခုကို လူ့အခွင့်အရေး အဖွဲ့များက

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် နေ့တွင် တင်သွင်းလျှောက်ထားခဲ့သည်။

ထိုအမှုကို တင်သွင်းလျှောက်ထားနိုင်ခြင်းမှာ

အာဂျင်တီးနားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ

ဥပဒေပုဒ်မ ၁၁၈ အပါအဝင် ဥပဒေများတွင်

အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အခြေခံမှုကို

ရေးဆွဲပြဌာန်းထားခြင်းကြောင့် အမှုကို စွဲဆိုနိုင်ပါသည်။

ယခင်ကတရုတ်နိုင်ငံ၊ဖာလွန်ဂုန်နှင့်ဆက်စပ်နေသော

အမှုနှင့်စပိန်နိုင်ငံ၏ယခင်အာဏာရှင်ဟောင်း

ဖရန်စစ်စကိုဖရန်ကိုတို့အမှုများကိုအပြည်ပြည်ဆိုင်ရာ

တရားစီရင်ပိုင်ခွင့်ကိုအသုံးပြု၍အာဂျင်တီးနားနိုင်ငံ

တရားရုံး က လက်ခံ၍ တရားစွဲခဲ့သည်။




လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများနှင့်

လူမျိုးတုံးသတ်ဖြတ်မှုများအတွက်

ထိပ်တန်း မြန်မာစစ်ခေါင်းဆောင်များနှင့်

နိုင်ငံရေးခေါင်းဆောင်များအား စုံစမ်းစစ်ဆေးရန်

နှင့်တရားစွဲဆိုသွားရန် ၂၀၁၉ ခုနှစ်တွင် လျှောက်ထားတောင်းဆိုခဲ့သည်။

တိုင်ကြားချက်တွင်ပါဝင်သူများမှာတပ်မတော်
ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နှင့်အခြားစစ်ခေါင်းဆောင်များ၊နိုင်ငံတော်အတိုင်ပင်ခံ
ဒေါ်အောင်ဆန်းစုကြည်နှင့်သမ္မတဟောင်းများဖြစ်ကြသည့်
ဦးထင်ကျော်နှင့်ဦးသိန်းစိန်တို့လည်းပါဝင်ပါသည်။
တိုင်ကြားချက်ထဲတွင်အရပ်သားအများအပြား၏
အမည်စာရင်းများလည်းပါရှိနေပြီးထိုအထဲတွင်ဘုန်းကြီးဦး
ဝီရသူနှင့်နိုင်ငံရေးသမားနေမျိုးဝေတို့လည်းပါဝင်နေပါသည်။




ထိုတရားစွဲဆိုမှုသည် အမှုကျူးလွန်သူများ၊
ပူးပေါင်းပါဝင်သူများနှင့် ရာဇဝတ်မှုအား
ဖုံးကွယ်ရန် ကြိုးပမ်းသူများတစ်ဦး
တစ်ယောက်ချင်းစီ၏ ရာဇဝတ်မှုဆိုင်ရာ
တာဝန်ရှိမှုနှင့် သက်ဆိုင်သည်။
မြန်မာနိုင်ငံတော်၏ တာဝန်ရှိမှုနှင့် မသက်ဆိုင်ပါ။



ဒါဆို ဒါက အခြားတရားရုံးများ၊
စုံစမ်းစစ်ဆေးမှုများနှင့်
ဘယ်လို ဆက်စပ်သက်ဆိုင်ပါသလဲ။



အာဂျင်တီးနားတရားရုံးကတစ်ဦးချင်း
တာဝန်ရှိမှုသာကြည့်သည်
(ICJကတော့နိုင်ငံတော်၏တာဝန်ရှိမှုကိုကြည့်သည်)။
၎င်းသည်မြန်မာနိုင်ငံနယ်နိမိတ်
အတွင်း ရိုဟင်ဂျာများအပေါ်
ကျူးလွန်ခဲ့သောရာဇဝတ်မှုများနှင့်
ပတ်သက်ပြီးတရားစွဲသည်။
(ICCကတော့အကန့်အသတ်ရှိပြီးဘင်္ဂလားဒေ့ရှ်
နယ်မြေအတွင်းတစ်စိတ်တစ်ပိုင်းကျူးလွန်သော
ရာဇဝတ်မှုများသာတရားစွဲနိုင်သည်။ )

အချက်အလက်ရှာဖွေရေး မစ်ရှင် (FFM) နှင့် IIMM
တို့မှ စုဆောင်းပြုစုထားသော သက်သေအထောက်အထားများကို
ကြည့်ရှုနိုင်ရန်အတွက် အာဂျင်တီးနားတရားရုံးက မြန်မာနိုင်ငံဆိုင်ရာ
လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM)
ထံမှ တောင်းခံနိုင်ပါသည်။ ထိုအထောက်အထားများရလျှင်
တရားရုံး၏ အလုပ်အများကြီး ပိုမိုလွယ်ကူစေပါလိမ့်မယ်။

အာဂျင်တီးနားနိုင်ငံက သူတို့ရဲ့တရားရုံးလုပ်ငန်းစဉ်တွေကို
ရှေ့ဆက်လုပ်ကိုင်နေမယ်ဆိုလျှင် မြန်မာနိုင်ငံကို နိုင်ငံရေး
အရ ဖိအားပေးနိုင် ပါလိမ့်မည်။ ပြီးတော့ နောက်ထပ်ချိုးဖောက်
မှုများကိုလည်း ဟန့်တားပေးနိုင်ပါသည်။ တစ်ကယ်လို့သာ
အာဂျင်တီးနားတရားရုံးက ထိုစစ်တပ်နှင့် အရပ်သားခေါင်းဆောင်
များအား တရားဝင်ဖမ်းဝရမ်းထုတ်ပေးပါက ၎င်းတို့အနေနဲ့ ပြည်ပသို့
ထွက်ရေးတွေမှာ အကန့်အသတ်တွေ ကြုံလာနိုင်ပါသည်။




သို့သော် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအရ
အာဂျင်တီးနားတရားရုံးမှ တိုင်ကြားချက်
အမှုအား ဆက်လက်ဆောင်ရွက်ရန်
သဘောတူ/မတူဆိုသည်ကို
မသိသေးပါ။

မြန်မာနိုင်ငံတွင် အာဏာသိမ်းမှု မတိုင်မီ၊ မြန်မာနိုင်ငံအစိုးရ
ကတော့ခုံရုံး၏ တရားစီရင်ပိုင်ခွင့်ကို ကန့်ကွက်ထားပြီး
စွပ်စွဲချက်များနှင့် ပါတ်သက်ပြီး ပြန်လည်တုံ့ပြန်လိမ့်မည်
မဟုတ်ဟုပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှုမရှိ
တာကြောင့် နောက်ထပ် စုံစမ်းစစ်ဆေးမှု
တွေလုပ်ဖို့နှင့် သက်သေအထောက်အထား
များကောက်ယူရန် ပိုမိုခက်ခဲနိုင်လိမ့်မည်။






သံသယရှိသူကို
အာဂျင်တီးနားတရားရုံးသို့
ခေါ်ဆောင်ရန် ခက်ခဲနိုင်လိမ့်မည်။
(ဥပမာ တရားခံများအား လွှဲပြောင်း ရယူခွင့်) ၊
ထိုကြောင့် သံသယရှိသူတွေအား ရုံးတင်
စစ်ဆေးဖို့ မဖြစ်နိုင်တာမျိုးလည်း ဖြစ်နိုင်သည်။
FFM
မြန်မာနိုင်ငံဆိုင်ရာ
လွတ်လပ်သော
၂၀၁၇ ခုနှစ်တွင် ကုလသမဂ္ဂမှ
ဖွဲ့စည်းခဲ့သည်။
IIMM
မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော
နိုင်ငံတကာစုံစမ်းစစ်ဆေးရေး
ယန္တရားသည် ၂၀၁၈ တွင်
စတင်တည်ထောင် ခဲ့သည်။
ICC
နိုင်ငံတကာရာဇဝတ်တရားရုံးသည်
၂၀၁၉၊ နိုဝင်ဘာလ
မှ စပြီးစုံစမ်းစစ်ဆေးမှုများ
ပြုလုပ်ခဲ့သည်။
A.B.C
E.D.L
မြန်မာနိုင်ငံ
နိုင်ငံတကာ တရားရုံး။
၂၀၁၉၊ နိုဝင်ဘာလတွင်
ဂမ်ဘီယာနိုင်ငံမှ တင်သွင်းလာသော
မြန်မာနိုင်ငံမှ ရာဇဝတ်မှုများအား
ကြားနာစစ်ဆေးသည့် နိုင်ငံတကာတရားရုံး။
၂၀၁၉၊ နိုဝင်ဘာလတွင်
အာဂျင်တီးနားရှိ တရားရုံးသို့
အပြည်ပြည်ဆိုင်ရာ
တရားစီရင်ပိုင်ခွင့်အမှုတွဲကို
တင်သွင်းခဲ့သည်။


ဒီလုပ်ငန်းစဉ်တွေ ရှေ့ဆက်လုပ်နိုင်အောင် ငါတို့ကူညီနိုင်မည့် နည်းလမ်းတစ်ခုကိုရှာကြရအောင်။
ငါတို့တွေ လေ့လာသင်ယူခဲ့တဲ့ သတင်းအချက်အလက်တွေကို ငါတို့ လူမှုအသိုင်းအဝိုင်းအတွင်းရှိတဲ့လူတွေ ပိုပြီးနားလည်စေအောင် ဖြန့်ဝေနိုင်တယ်။


ငါတို့တွေအနေနဲ့ သတင်းအချက်အလက်တွေကို စုဆောင်းပေးတာမျိုး၊
အဓိကဖြစ်ရပ်တွေကို တွေ့ကြုံခံစားခဲ့ရသူများ (သို့မဟုတ်) မြင်တွေ့ခဲ့သူများအနေဖြင့်
သူတို့တွေ့ကြုံခံစားခဲ့ရတာတွေကို ထုတ်ဖော်ပြောဆိုအောင်လည်း ကူညီနိုင်တယ်။






တို့တွေ အတူတူ၊ ကွဲပြားခြားနားတာတွေ လုပ်နိုင်တယ်။
တရားမျှတမှုအတွက် ရှေ့ကို ခြေလှမ်းတစ်လှမ်းလှမ်း လိုက်ပါ။



AJAR
ASIA JUSTICE AND RIGHTS

মুক্তিযুদ্ধ জাদুঘর
Liberation War Museum
Bangladesh